#စိန့်ဖရန်စစ်ဇေးဗီးယားသီလရှင်ဂိုဏ်း၏ရာဇဝင်အကျဉ်းချုပ်။

#အသင်းဂိုဏ်းစတင်တည်ထောင်ခြင်း။
စိန့်ဖရန်စစ်ဇေးဗီးယားသီလရှင်ဂိုဏ်းသည် မြန်မာပြည်၌ ပထမဦးဆုံး
တည်ထောင်သောတိုင်းရင်းသူ ဆရာတော်လက်အောက်ခံ ဂိုဏ်းဖြစ်သည်။ မြန်မာပြည်
ဆရာတော်ပိုင်သာသနာ (၁၆) ခုအနက် သာသနာ (၁၂) ခုတွင်
အမှုတော်ထမ်းဆောင်လျှက်ရှိပါသည်။ လက်ရှိဂိုဏ်းဥက္ကဌသည်
မာသာရ်မာရီးယားကျင်ဌေးဖြစ်ပြီး အသင်းဂိုဏ်းအတွင်း
ရာသက်ပန်သစ္စာပြုပြီးသီလရှင်ပေါင်း(၃၇၉) ၊ ယာရီသစ္စာပြုပြီးသီလရှင်ပေါင်း (၇၁) ပါး
စုစုပေါင်း (၄၀၁) ပါးရှိပါသည်။ သီလရှင်ကျောင်းခွဲပေါင်း (၁၀၈) ရှိပါသည်။
ဂိုဏ်းကိုတည်ထောင်သော ဆရာတော်ကြီးအလက်ဇန္ဒြားကာဒိုးသည် ဇန္နဝါရီလ- ၁၀
၁၈၅၇ခုနှစ်တွင် မွေးဖွားပြီး အသက် (၁၈) နှစ်တွင်ရဟန်းဖြစ်သင်ကျောင်းသို့ဝင်ကာ
(၁၈၇၉) ခုနှစ် အသက်(၂၂) တွင် MEP ပြင်သစ်ပြည်ရပ်ဝေးသာသနာပြုဂိုဏ်း၌
ရဟန်းသိက္ခာခံယူခဲ့ပါသည်။ ရဟန်းသိက္ခာခံယူပြီး (၃) လကြာ (၁၈၇၉) ခုနှစ်တွင်
မြန်မာပြည်သို့စေလွှတ်ခြင်းခံရပါသည်။
(၁၈၈၂) နှစ်တွင်မော်လမြိုင်ကျောင်းထိုင် Fr. Gardon ၏နေရာတွင် (St. Patrick’s)
သာသနာ၌ ကျောင်းထိုင်ရဟန်းအဖြစ် ခန့်အပ်ခြင်းခံရသည်။ ( ၁၈၉၄) ခုနှစ်တွင်
မြန်မာပြည်တောင်ပိုင်း၏ ဆရာတော်ဖြစ် ရွေးချယ်ခံခဲ့ရသည်။ မြန်မာပြည်တောင်ပိုင်း
ဆရာတော်၏ သာသနာနယ်တွင် ပညာပေးကာ လူ့ဘဝမြင့်တင်ပေးရန်
အထူးလိုအပ်နေကြောင်းသိရှိခဲ့ပါသည်။ ဒေသခံတိုင်းရင်းသားများကို ပညာပေးရန်
ဒေသခံဘာသာစကားပြောဆိုနိုင်သော သီလရှင်အသင်းဂိုဏ်းတည်ထောင်ရန်
အထူးအရေးကြီး လိုအပ်နေကြောင်းကို ဆရာတော်သတိမူမိပါသည်။
ထိုအချိန်၌ နိုင်ငံခြားသာသနာပြုများအတွက် ဘာသာစကားအခက်အခဲရှိသည့်နည်းတူ
ခက်ခဲဝေးလံသောဒေသသို့သွားလာရန် အခက်အခဲလည်းရှိပါသည်။
ထို့ကြောင့်ဆရာတော်ကြီးသည် စိန့်ဂျိုးဇက်သီလရှင်များ၏ အကူအညီကိုရယူပြီး

စိန့်ဖရန်စစ်ဇေးဗီးယား သီလရှင်အသင်းဂိုဏ်းကို (၁၈၉၇) နှစ်ဩဂုတ်လ (၂၆) ရက်နေ့တွင် တရားဝင်တည်ထောင်ခဲ့ပါသည်။ သီလရှင်ဂိုဏ်းကို သာသနာပြုများ၏ဖခင်ကြီး စိန့်ဖရန်စစ်ဇေးဗီးယား၏ အမည်ကိုပေးကာ သူ၏အလိုတော်အတိုင်း ဖြည့်စွက်ရန်နှင့် သူ၏မှိုင်းမမှုကိုလည်းခံယူရန် ဤအမည်ကိုပေးခဲ့ပါသည်။

(၁၉၀၂) နှစ်ဖေဖေါ်ဝါရီလ(၁၆) ရက်နေ့တွင် စစ္စတာရီ အန်ဂျေလားနှင့် စစ္စတာရီစီးလျားတို့သည် ပထမသစ္စာကိုခံယူကာ စိန့်ဖရန်စစ်ဇေးဗီးယား သီလရှင်ဂိုဏ်း၏ ပထမဦးဆုံးသီလရှင်များဖြစ်ခဲ့ကြပါသည်။ သီလရှင်ဂိုဏ်းသည်လည်း စိန့်ဂျိုးဇက် ဂိုဏ်းဝင်မာသာရ်များ၏ ဦးဆောင်လမ်းညွှန်မှု၌ တိုးတက်ရှင်သန်လာခဲ့ပါသည်။

အသင်းဂိုဏ်းကိုဦးဆောင်ခဲ့ သောမာသာရ်ကြီးများမှာ မာသာရ် မာရီးယား၊ မာသာရ် ဂွန်းစကား၊ မာသာရ် လေအိုနီမာရီ၊ မာသာရ် မေရီဂျိုးဇက်၊ မာသာရ် မာဂရိတာ၊ မာသာရ် သီအိုဖီန်း၊ မာသာရ်ဟိုး လီးဖဲမ်းမလီတို့ဖြစ်ပြီး (၁၈၉၇) ခုနှစ်မှ (၁၉၅၇) အထိလမ်းညွှန်အုပ်ချုပ်ခဲ့ပါသည်။

ထိုအချိန်၌အထိက တမန်တော်လုပ်ငန်းများမှာ ဘာသာသူများ စက္ကရင်မင်းတူး ထိုက်တန်စွာခံယူနိုင်ရန် ဘုရားစကားသင်ပေးခြင်း၊ မူလတန်းမှ အထက်တန်းထိစာသင် ကျောင်းများဖွင့်ပြီး စာသင်ပေးခြင်း ဆေးပေးခန်းများဖွင့်ပြီး ခိုကိုးရာမဲ့ လူနာများကိုကြည့်ရှုခြင်း၊ သာသနာနယ်လှည့်ခြင်းတို့ကို အဓိကလုပ်ဆောင်ပါသည်။

ပထမကမ္ဘာစစ်ပြီးသည့်နောက် (၁၉၂၀) ခုနှစ်သို့ရောက်သောအခါ ဆရာတော်ကြီး အလက်ဇန္ဒားသည် ကျန်းမာရေးချို့တဲ့လာပြီး အမြင်အာရုံလုံးဝကွယ်ပျောက်သွားခဲ့သည်။ ထို့ကြောင့် ခန်းနားကြီးကျယ်သောဝတ်ပြုကိုးကွယ်ခြင်း အခန်းအနားများ၌သာ ပါဝင်နိုင်တော့သည်။ (၁၉၂၅) ခုနှစ်တွင် ရဟန်းဝါတော်နှစ် ၅၀ ပြည့် ရွှေဂျူဘီလီကိုကျင်းပခဲ့ပါသည်။ ကျန်းမာရေးအခြေအနေပိုမိုဆိုးရွားလာကာ (၁၉၂၅) ခုနှစ် အောက်တိုဘာလ ၁၈ ရက်နေ့တွင်ပျံလွန်တော်မူခဲ့ပါသည်။

ဆရာတော်ကြီးကာဒိုးကို မော်လမြိုင်သားအစစ်ဟုပင်ခေါ်ဝေါ်နိုင်ပေသည်။ မြန်မာပြည်သို့ ရောက်သည့်အချိန်မှစ၍ (၁၄) နှစ်တိုင် ကျောင်းထိုင်ရဟန်းတာဝန်ယူခဲ့ပြီး

ဆရာတော်အဖြစ် (၃၆) နှစ်အမှုတော်ထမ်းဆောင်ခဲ့သည်။ သူ၏ဘဝအသက်တာတွင် မော်လမြိုင်တွင် ပထမဦးဆုံးခြေလှမ်းစတင်ခဲ့ပြီး မော်လမြိုင်၌ပင်ပျံလွန်တော်မူခဲ့ပါသည်။ သူ၏အလိုဆန္ဒအရ နှစ်ပေါင်းများစွာ အမှုတော်ထမ်းဆောင်ခဲ့သော စိန့်ပက်ထရိတ် ဘုရားကျောင်းကြီးတွင် ဂူသွင်းသင်္ဂြိုလ်ခဲ့ပါသည်။ သူ၏သေတမ်းစာတွင် ရေးသားခဲ့သည်မှာ “ကျွန်ုပ်အသက်ရှင်စဉ်အခါ၌ လူသားများကိုသခင်ခရစ်တော်ထံသို့ အတတ်နိုင်ဆုံးပို့ဆောင်ခဲ့ပါသည်။ ကျွန်ုပ်သေဆုံးသောအခါ၌လည်း ဘာသာသူများ ကိုယ်တော်မြတ်ကိုပင့်ယူရန် ကျွန်ုပ်၏ခန္ဓာကိုယ်ပေါ်ရောက်သွားပြီး ကိုယ်တော်မြတ်ကိုပင့်ယူကြပါစေ။ ကျေးဇူးပြု၍ ကျွန်ုပ်၏ ခန္ဓာအလောင်းကို ကိုယ်တော်မြတ်တန်းသို့သွားရာလမ်း၌ မြှုပ်နှံထားပေးပါရန်တောင်းဆိုပါသည်။” ဟုပါရှိလေသည်။

ဆရာတော်ကြီး အလက်ဇန်းဒါးကာဒိုးပျံလွန်ပြီးသည့်နောက် ဆရာတော်ကြီး ဖိလစ်ပဲရွဲမှဆက်ခံပြီး စိန့်ဖရန်စစ်ဇေးဗီးယား သီလရှင်များကို ဆက်လက်လမ်းညွှန် ဦးဆောင်ပေးခဲ့ပါသည်။

(၁၉၅၈) ခုနှစ် မေလ (၇) ရက်နေ့တွင် စိန့်ဖရန်စစ်ဇေးဗီးယား သီလရှင်ဂိုဏ်း၏ ညီလာခံပွဲကို ကျင်းပခဲ့ရာ မာသာရ်ဖီလိုမီနားက ကထမဦးဆုံးတိုင်းရင်းသူ ဂိုဏ်းဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံရပါသည်။ (၁၉၅၅ မှ ၁၉၆၇) ခုနှစ်အတွင်း သီလရှင်ကျောင်းခွဲပေါင်း(၁၇) ကျောင်းရှိပါသည်။ ရန်ကုန်ဂိုဏ်းချုပ်သာသနာတွင် (၇) ကျောင်း၊ ပုသိမ်ဂိုဏ်းအုပ်သာသနာတွင် (၁၀) ကျောင်းရှိခဲ့ပါသည်။

(၁၉၆၂ နှစ်မှ ၁၉၆၆ ခုနှစ်များတွင် နိုင်ငံခြားသား စိန့်ဂျိုးဇက်သီလရှင်များ ပုသိမ်မှ တဖြည်းဖြည်း ဆုတ်ခွာသွားကြသည်။ တိုင်းရင်းသူ သီလရှင်အကြီးအကဲများမှာ ယနေ့တိုင်အောင် အသင်းဂိုဏ်းကိုကြည့်ရှု တာဝန်ယူနေကြပါသည်။

၁၉၆၄ ခုနှစ် ဖေဖဝါရီလ ၂၈-ရက်နေ့တွင် ရဟန်းမင်းကြီး ဆဋ္ဌမမြောက် ပေါလူးလက်ထက်၌ စိန့်ဖရန်စစ်ဇေးဗီးယားသီလရှင်ဂိုဏ်းသည် ဆရာတော်လက်အောက်ခံ သီလရှင်ဂိုဏ်းအဖြစ် တရားဝင်သတ်မှတ်ပေးခဲ့ပါသည်။

#တိုင်းရင်းသူသီလရှင်အကြီးအကဲများမှာ-

၁. မာသာရ် ဖီလိုမီနား ၁၉၅၇ – ၁၉၆၉

၂. မာသာရ် ဂျေနိုဗီ ၁၉၇ဝ – ၁၉၈၂

၃. မာသာရ် အစွမ်းတား ၁၉၈၃ – ၁၉၉၄

၄. မာသာရ် မေရီဂိုးဇက် ၁၉၉၄ – ၂ဝဝဝ

၅. မာသာရ် မာဂရက်မေရီ ၂ဝဝဝ – ၂ဝ၁၂

၆. မာသာရ် မာရ်ဆီကော်လက် ၂ဝ၁၂ – ၂ဝ၁၈

၇. မာသာရ် မာရီးယားကျင်ဌေး ၂ဝ၁၈ - (လက်ရှိ)

#စိန့်ဖရန်စစ်ဖေးဗီးယားသီလရှင်ဂိုဏ်း၏ စိတ်ဝိညာဉ်

စိန့်ဖရန်စစ်ဖေးဗီးယားသီလရှင်ဂိုဏ်း၏ ဝိညဉ်တော်ကျေးဇူး Charism မှာ "ပုဂ္ဂိုလ်သုံးပါးတစ်ဆူဘုရား၏ပေါင်းစည်းညီညွတ်ခြင်း၌ အမြစ်တွယ်လျှက် အလိုအပ်ဆုံးသောသူတိုင်းအား ဆင်းရဲခြင်းစိတ်ဝိညာဉ်နှင့်အစေခံခြင်းဖြင့် ဧဝံဂေလိတေင်းကောင်းကို သက်သေခံခြင်း" ဖြစ်သည်။

#ရည်မှန်းချက်အမြင်၊ Vision မှာ

"ဘုရားသခင်၏ချစ်ခြင်းမေတ္တာကို လူတိုင်းသိရှိခံစားလျှက် ပြည့်ဝစုံလင်သော လူ့ဘဝအသက်တာသို့"။

#စေလွှတ်ခံတမန်တော်လုပ်ငန်း Mission မှာ

- ဘုရားစကားသင်ခြင်း၊ ဧဝံဂေလိသတင်းကောင်းကိုဟောပြောခြင်းဖြင့် လူသားများ၏ ယုံကြည်ခြင်းကို တိုးပွားစေခြင်း။
- ဘက်စုံပညာသင်ကြားပေးခြင်းဖြင့် လူသားတို့၏ဘဝကို မြှင့်တင်ပေးခြင်း။
- အဖွဲ့အစည်းထဲ၌ ယုံကြည်ခြင်းနှင့် ဘဝအတွေ့အကြုံများ ဝေမျှခြင်း၊ ပုံမှန် Community meeting ပြုလုပ်ခြင်း။

- Community အတွင်း၌ပင်ကိုယ်စွမ်းရည်နှင့် အတတ်ပညာပိုင်းဆိုင်ရာ တိုးတက်မြင့်မားလာစေရန် အားပေးကူညီခြင်းတို့ဖြင့် အဖွဲ့အစည်း Community ထဲ၌ ဆက်ဆံရေး ပိုမိုဖွံ့ဖြိုးတိုးတက်လာစေခြင်း။

#အသင်းဂိုဏ်း၏ ဆောင်ပုဒ်မှာ- “Sentire Cum Ecclesia အသင်းတော်နှင့် တစ်လုံးတစ်ဝတည်းရှိခြင်း။”

#အသင်းဂိုဏ်း၏ဝိညာဉ်ရေး လမ်းစဉ်မှာ -
- လိုဂိုတံဆိပ် တွင်ပါရှိသည့်အတိုင်း ကျောက်ဆူးပေါ်တွင် မီးလျှာထွန်းလင်းနေသည်။
- ကျောက်ဆူး၏ အဓိပ္ပါယ်မှာ သီလရှင်များ ခိုင်မာသောယုံကြည်ခြင်းဖြင့် ဘုရားသခင်နှင့် ပေါင်းစပ်ခြင်းကို ရည်ညွှန်းးပါသည်။
- မီးရောင်၏ အဓိပ္ပါယ်မှာ သခင်ယေဇူးနှင့် သီလရှင်များကို ရည်ညွှန်းပါသည်။ သခင်ယေဇူးသည် သီလရှင်များ ၏အလင်းဖြစ်သကဲ့သို့ သီလရှင်များသည်လည်း လောကကို အလင်းပေးသူများဖြစ်ကြောင်း ဖော်ဆောင်ထားပါသည်။

အသင်းဂိုဏ်းကို အလွန်စင်ကြယ် သောမယ်တော်၏နှလုံးတော်ထံ အပ်နှံထားပြီး၊ အမိမယ်တော်သည် ဆုတောင်းခြင်း၊ ဘုရားသခင်နှင့်ပေါင်းစပ်ခြင်း၌ သီလရှင်များအား လမ်းပြဦးဆောင် သူဖြစ်သည်။
သာသနာပြုရာ၌ စိတ်အားထက်သန်လှသော သူတော်မြတ်စိန့်ဖရန်စစ်ဇေးဗီးယားသည် အသင်းဂိုဏ်းကိုကာကွယ်စောင့်ရှောင့်ပေးသူဖြစ်ပြီး၊ စိန့်ဖရန်စစ်ဇေးဗီးယား၏ ထူးခြားသောစိတ်ဓါတ်ဖြစ်သည့် ဘုရားကိုချစ်ခြင်း လူသားများကိုချစ်ခြင်း စိတ်ဓါတ်ကို အတုယူကာ ဘဝကိုဆက်ကပ်ပူဇော်ကြပါသည်။

#စိန့်ဖရန့်စစ်ဇေးဗီးယားသီလရှင်ဂိုဏ်း၏ အဓိကတမန်တော်လုပ်ငန်းများမှာ-
၁။ ဘာသာသူများ စက္ကရာမင်တူးကို ထိုက်တန်စွာ ခံယူနိုင်စေရန် ဘုရားစကား အယူဝါဒသင်ကြားပေးခြင်း။
၂။ မိန်းခလေးဘော်ဒါကျောင်းများ၊ မူကြိုကျောင်းများဖွင့်ပြီး စာရိတ္တထိန်းကျောင်း လမ်းညွှန်ပေးခြင်း၊ အခြေခံပညာသင်ပေးခြင်း။
၃။ ဆေးပေးခန်းများဖွင့်လှစ်ကာ ခိုကိုးရာမဲ့ဆင်းရဲသားများအား ဆေးဝါးကုသပေးခြင်း။ ကျေးလက်တောရွာမှ လူနာများအား ဆေးရုံသို့ဆောင်လမ်းညွှန်ပေးခြင်း။
၄။ သက်ကြီးရွယ်အို မသန်စွမ်းသူများအား ကြည့်ရှုပြုစုခြင်း။
၅။ သာသနာနယ်လှည့်ခြင်း။
၆။ သာသနာပိုင်ဆရာတော်ကြီးများ၏ လမ်းညွှန်မှု၌ သာသနာတော်အတွက် အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းများကို လုပ်ဆောင်ခြင်း၊ စသည်တို့ဖြစ်သည်။

#ကနဦးပျိုးထောင်ပံ့သွင်းခြင်းကာလ။
၁။ ဝင်လိုသူအဆင့်။
ဤအဆင့်၌ရှိသောမိန်းခလေးများသည်၊ အစိုးရကျောင်းများ၌ တက္ကသိုလ်ပညာရပ်များကို ဆည်းပူးရင်း၊ သီလရှင်အသင်းဂိုဏ်းနှင့် သီလရှင်ဘဝကို လေ့လာနေသော မိန်းခလေးများဖြစ်သည်။

၂။ အကြိုတောင်းခံသူအဆင့်။
ဤအဆင့်တွင် လောကီပညာရပ်များထက် အခြေခံဓမ္မသ်ကြိုလ်ပညာ၊ ဝိညာဉ်ရေးဆိုင်ရာ ပညာရပ်များ၊ ဝိညာဉ်ရေးလေ့ကျင့်ခန်းများ၊ သီလရှင်ဘဝနှင့်ဆိုင်သော ပညာရပ်များ၊ ကျင့်စဉ်များ၊ အထူးသဖြင့် စိန့်ဖရန့်စစ်ဇေးဗီးယား သီလရှင်များ၏ ကျင့်စဉ်များကို သင်ကြားပေးပါသည်။ အချိန်ကာလမှာ (၁)နှစ် မှ (၂)နှစ် အထိဖြစ်ပါသည်။

၃။ တောင်းခံသူအဆင့်။
ဤအဆင့်တွင် အခြေခံဓမ္မသ်ဂြိုလ်ပညာရပ်များကို ဆက်လက်သင်ကြားခြင်း၊ စိန့်ဖရန်စစ်ဖေးဗီးယား သီလရှင်အသင်းဂိုဏ်း၏ အခြေခံဥပဒေ၊ အတူတကွနေထိုင်ခြင်းအသက်တာ၊ မိမိဘဝခေါ်တော်မူခြင်းအသက်တာကို လေးနက်စွာစစ်ဆေးထောက်ရှုခြင်းများကို သင်ယူလေ့ကျင့်ရပါသည်။
ဤအဆင့်တွင် (၁)နှစ်ဖြစ်သည်၊ လိုအပ်ပါက ၆-လ ဆက်နေနိုင်သည်။

၄။ သီလရှင်လောင်းအဆင့်။
သီလရှင်လောင်းအဆင့်သည် ၂-နှစ်ကြာပြီး၊ သီလရှင်တို့၏ ကျင့်စဉ်ကတိသစ္စာ သုံးပါးအကြောင်း၊ သီလရှင်ဂိုဏ်း၏ အခြေခံဥပဒေအကြောင်း၊ ဆုတောင်းခြင်း အသက်တာအကြောင်း၊ အတူတကွနေထိုင်ခြင်းအသက်တာအကြောင်း၊ အသင်းဂိုဏ်း၏မန်တော်လုပ်ငန်းအကြောင်း သင်ကြားပေးပါသည်။
ပထမနှစ်သီလရှင်လောင်းများကို အနည်းဆုံး (၂)လ၊ ကျောင်းခွဲများသို့ပို့ပြီး အတွေ့အကြုံရယူစေပါသည်။

#အသင်းဂိုဏ်း၏စာရင်းမှတ်တမ်း (၂၀၂၁)

| | |
|---|---|
| ၁။ သီလရှင်စုစုပေါင်း ။ | ၄၅၀ – ပါး။ |
| ၂။ ရာသက်ပန်သစ္စာပြုပြီးသီလရှင်များ။ | ၃၇၉ – ပါး။ |
| ၃။ ယာယီ သစ္စာပြုပြီးသီလရှင်များ။ | ၇၁ – ပါး။ |
| ၄။ ဒုတိယနှစ်သီလရှင်လောင်းများ။ | ၈ – ဦး။ |
| ၅။ ပထမနှစ် သီလရှင်လောင်းများ။ | ၃ – ဦး။ |
| ၆။ တောင်းခံသူ | ၆ – ဦး။ |
| ၇။ အကြိုတောင်းခံသူ | ၆ – ဦး။ |
| ၈။ ဝင်လိုသူ | ၃၁ – ဦး။ |

#မွမ်းမံသင်တန်းများ။

ရန်ကုန် CRCM အဖွဲ့နှင့်ပူးတွဲပြီး၊ နှစ်စဉ်သီလရှင် အကြီးအငယ်များအတွက် မွမ်းမံသင်တန်းများ ပြုလုပ်ပေးနေပါသည်။ နှစ်စဉ် နှစ်ပတ်လည် ဝတ်မစောင့်မှီ ၃-ရက် မွမ်းမံသင်တန်း ပြုလုပ်ပေးပါသည်။ ရာသက်ပန် သစ္စာပြုမည့်သီလရှင်များအတွက် ၄-လ မွမ်းမံသင်တန်းပြုလုပ်ပေးပါသည်။ မိမိတို့ တာဝန်ထမ်းဆောင် နေသော သာသနာ၌လည်း ဝိညာဉ်ရေး ၊ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး ဆိုင်ရာသင်တန်း အတွေ့အကြုံများ ရယူနေကြပါသည်။